## Highlights from DVB Debate's Returning Experts Show

21/2/2015

"Where do returning experts end up"

"ကျနော်ဆိုရင် နိုင်ငံခြားထွက်ဖို့ အထောက်အထားတွေနဲ့ တင်ပေမယ့် အစိုးရနဲ့ခပ်ဝေးဝေး ခပ်ကင်းကင်းနေလို့ပဲလား မသိဘူး အခုထိတော့ မရသေးဘူး။ အစိုးရနဲ့နီးစပ်သူတွေတော့ အလွယ်တကူရသွားကြတာတွေ့ရတယ်"

ဒေါက်တာ မင်းညို - နိုင်ငံရေးသိပ္ပံကျွမ်းကျင်သူ

"ကျနော်တို့ဟာ အစိုးရနဲ့နီးစပ်သူတွေဖြစ်လို့ လုပ်ချင်တာတွေအားလုံး လုပ်ခွင့်ရနေတာတော့ မဟုတ်ဘူး။ ကျနော်တို့လဲ ကိုယ့်သက်ဆိုင်ရာနယ်ပယ်အလိုက် အကန့်အသတ်တွေနဲ့ပဲ လုပ်နေရတာ"

ဒေါက်တာ ကျော်ရင်လှိုင် - နိုင်ငံရေးဆွေးနွေးပွဲအစီအစဉ် ဒါရိုက်တာ(မြန်မာငြိမ်းချမ်းရေးစင်တာ)

---

"အရင် ပြန်မလာခင် အပြင်ဘက်ကမြင်ခဲ့တဲ့ ယူဆချက်တွေ မျှော်လင့်ချက်တွေက ဒီရောက်တော့ သိပ်မလွယ်တာ တွေ့ရတယ်။ ကျနော်တို့ ပြန်လာသူတွေဘက်ကလည်း မျှော်လင့်ချက်တွေကို လက်တွေ့ကျကျ လုပ်နိုင်ဖို့ အချိန်ယူစောင့်ရမယ် နားလည်ပေးရမယ်"

ဦးတင်မောင်မောင်အေး - ဒါရိုက်တာ(MyMe ရွေ့လျားပညာရေးစီမံကိန်း)

---

"စပ်ကူးမတ်ကူးကာလမှာ အင်စတီကျူးရှင်းအဟောင်းကနေ အသစ်ပြောင်းတဲ့အခါမှာ မူဂါဒတွေ.ဘယ်လိုမူနဲ့ ဘယ်လိုလုပ်မယ်ဆိုတာတွေ သေသေချာချာ မရှိသေးတာ၊ ရှင်းရှင်းလင်းလင်း မရှိသေးတာတွေ ရှိပါတယ်"

ဒေါက်တာ ကျော်ရင်လှိုင် - မြန်မာငြိမ်းချမ်းရေးစင်တာ၊ နိုင်ငံရေးဆွေးနွေးပွဲအစီအစဉ် ဒါရိုက်တာ

"အသွင်အကူးအပြောင်းကာလမှာ ဥပဒေတွေကို ချက်ချင်းအကောင်အထည်ဖော် ဒီဥပဒေကို ဘယ်သူမှ မကျော်နဲ့ ဒီလို ခပ်မြန်မြန် ဖြေရှင်းသင့်တယ်လို့ မြင်တယ်။"

ဒေါက်တာမင်းညို - နိုင်ငံရေးသိပ္ပံကျွမ်းကျင်သူ

---

"ဒုက္ခသည်တွေ၊ နိုင်ငံသားခံယူထားသူတွေ ပြည်ဝင်ခွင့် ပြန်မပေးတာ၊ နိုင်ငံရေးခိုလှုံခွင့်မရတာတွေကတော့ လက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်နေတာနဲ့က ဆန့်ကျင်ဖက်ဖြစ်နေတယ်။"

ဒေါက်တာမင်းညို - နိုင်ငံရေးသိပ္ပံကျွမ်းကျင်သူ

"ဒီမှာလဲ ကျနော်ဆွေးနွေးချင်တာက မူဝါဒရှိဖို့လိုတာအပြင် ပွင့်လင်းမြင်သာမှုရှိဖို့လိုတာလို့ မြင်တယ်။ ဘာဖြစ်လို့ ဒီပုဂ္ဂိုလ် ဒီအဖွဲ့အစည်းကို မပေးတာ၊ ဘယ်နနှစ် ဘယ်လောက်ကြာနိုင်မယ်ဆိုတာမျိုး ပွင့်လင်းမြင်သာမှုရှိရှိ ချပြဖို့ လိုအပ်တယ်"

ဦးတင်မောင်မောင်အေး - ဒါရိုက်တာ(MyMe ရွှေ့လျားပညာရေးစီမံကိန်း)

---

"အားလုံးကို ပြန်လာဖို့ ဖွင့်ပေး. ပညာတတ်တွေ ပညာရှင်တွေချည်း ပြည်ပကို ယိုစီးနေတာမဟုတ်ဘူး။ ကျွမ်းကျင်လုပ်သားတွေပါ ယိုစီးနေတာ။ နိုင်ငံက ယုံယုံကြည်ကြည်နဲ့ဖိတ်ခေါ်ပါ"

ဒေါက်တာမင်းညို - နိုင်ငံရေးသိပ္ပံကျွမ်းကျင်သူ

---